၁၉၆၁ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(တတိယပြင်ဆင်ချက်) အက်ဥပဒေ။*

(၁၉၆၁ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၇။)

(၁၉၆၁ခုနှစ်၊ ဩဂုတ်လ ၂၆ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၆၁ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(တတိယပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၁တွင်—

(က) ပုဒ်မခွဲ(၁)အစား၊ အောက်ပါကို ပုဒ်မခွဲ(၁)အဖြစ် ထည့်သွင်းရမည်။

"(၁) ဗုဒ္ဓဘာသာ သာသနာတော်သည်၊ နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာ ဘာသာကြီး ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်ဘာသာ သာသနာဖြစ်စေရမည်။"

(ခ) ပုဒ်မခွဲ(၄)နောက်တွင် အောက်ပါကို ပုဒ်မခွဲ (၅)အဖြစ်ထည့်သွင်းရမည်။

"(၅) ပြည်ထောင်စုနိုင်ငံအစိုးရသည်၊ မိမိနှစ်စဉ် သာမန်သုံးငွေ၏ အနည်းဆုံး ၅၀ရာခိုင်နှုန်းနှင့် ညီမျှသော ငွေကို ဘာသာ သာသနာရေးအတွက် ချီးမြှောက်ထောက်ပံ့ရမည်။

ရှင်းလင်းချက်။ ။ 'ဘာသာ သာသနာ'ဆိုသည်မှာ၊ ဤပုဒ်မရှိ ပုဒ်မခွဲ(၁)နှင့် (၂)တို့တွင် ဖော်ပြထားသည့် ဗုဒ္ဓဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ခရစ်ယာန်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဆိုလိုသည်။" ။

၃။ ။ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၁နောက်တွင်၊ အောက်ပါတို့ကို ပုဒ်မ ၂၁–က၊ ၂၁–ခ၊ ၂၁–ဂနှင့် ၂၁–ဃအဖြစ် ထည့်သွင်းရမည်။

---

* *မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း–၁၊ ၁၉၆၁ခုနှစ်၊ စက်တင်ဘာလ (၂)ရက်၊ စာမျက်နှာ–၁၇၂၂။*